# ပျူစာ ခင်ဘာရွှေပေချပ်ဓာတ်ပုံများ

ဒေါ်သန်းဆွေ

-၂၉၈

# ပျူ ဧဝ ဧဣဘ ခ ဍ္ဍ ဝေချပ် ဝေဘပုံ ဆွား

ပျူစာ လေ့လာဖော်ထုတ်ခဲ့သော ပညာရှင်များအား ကျေးဇူးတင် ဦးညွတ်ပါ၏

ဒေါ်သန်းဆွေ၊ မြန်မာစာပါမောက္ခ (အငြိမ်းစား)
မှစည်းလေ့လာတင်ပြပါသည်၊

ပထမနှိပ်ခြင်း
၁၉၉၁၊ မေလ
အုပ်ရေ ၁၀၀၀

အမှတ် ၂၇၊ ပြည်လမ်း (၆ မိုင်ခွဲ) ရန်ကုန်မြို့
မြန်မာစာအဖွဲ့ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်
(ထုတ်ဝေခွင့်အမှတ် – ၁၃၃၇၃) က ထုတ်ဝေသည်။

မျက်နှာဖုံးပန်းချီ–ဦးဘင်မောင်လွင်

# မာတိကာ


အမှာစာ

၁။ မူလအရွယ်အစားအတိုင်း ရွှေပေချပ်ဓာတ်ပုံများ .... ၁

၂။ ရွှေပေချပ်အကြီးချဲ့ဓာတ်ပုံများ .... ၁၅

၃။ ရွှေပေထုပ်တွေ့ရှိသောနေရာ .... ၂၉

၄။ ရွှေပေထုပ်ဌာပနာတိုက် .... ၂၉

၅။ ဌာပနာတိုက်တွင်း တွေ့ရှိရသော ရွှေပေထုပ် (အကြီးချဲ့ပုံ) .... ၃၁

၆။ ဌာပနာတိုက်ကို ဖုံးအုပ်ထားသော ကျောက်ပြား .... ၃၃

၇။ ရွှေပေချပ်များကို ဖုံးအုပ်ထားသော ရွှေပြား နှစ်ချပ် .... ၃၃

# အမှာစာ

ပျူအက္ခရာဖြင့် ပိဋကတ်ပါဠိတော်ကောက်နုတ်ချက်များ ရေးထွင်းထားသော ရွှေပေချပ်တစ်ထုပ်ကို ၁၉၂၆ ခုနှစ်တွင် ပြည်ခရိုင်၊ မှော်ဇာ၊ မောင်ခင်ဘပိုင် ယာမြေ၊ ဘုရားပုံ့ အုတ်ပုံအတွင်းရှိ ဌာပနာတိုက်မှ ရရှိခဲ့ပါသည်။ အလျား ၆ ၁/၂ လက်မ၊ အနံ ၁ ၁/၄ လက်မရှိသော ပျူစာချပ်ရေ ၂၀ ကို အရွယ်အစားတူ ရွှေပြား ၂ ချပ်တွင်းညှပ်ကာ ပေစာထုပ်ပုံကဲ့သို့ ရွှေကြိုးဖြင့် စည်းနှောင်ထားပါသည်၊ ရွှေချပ် ၂၂ ခု၏ အလေးချိန်မှာ ၂၃ ကျပ်၊ ၁၄ ပဲ၊ ၂ ရွေးသား ရှိသည်။ ဤ ခင်ဘရွှေပေချပ်အကြောင်းကို အိန္ဒိယနိုင်ငံ ရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာ (၁၉၂၆-၂၇)၊ စာမျက်နှာ ၁၇၉-၁၈၀ တွင် ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ ရှေးဟောင်းသုတေသန နှစ်ချုပ်အစီရင်ခံစာ (၁၉၃၈-၃၉)၊ စာမျက်နှာ ၁၂-၂၂ တွင် ခင်ဘရွှေပေချပ် သုတေသနပြုချက်စာတမ်းကို ကျောက်စာဝန် ဦးလူဖေဝင်းက ရေးသားအစီရင်ခံထားပါသည်။ ပျူအက္ခရာမှ ရောမအက္ခရာပြန်၊ ပျူအက္ခရာ ရွှေပေချပ်ရှိ ပါဠိတော်ကောက်နုတ်ချက်များ၊ အင်္ဂလိပ်ဘာသာပြန်တို့ကို ကျမ်းညွှန်း အမျိုးမျိုးနှင့်တကွ ဖော်ပြထားပါသည်။

ပါဠိတော် ကောက်နုတ်ချက်များကို ပျူအက္ခရာဖြင့် ရေးထွင်းထားသော စာတို့သည် ပျူစာ သုတေသီတို့ ပျူအက္ခရာပုံ လေ့လာရာတွင် နိုင်လုံသော သာဓကများ ရရှိစေနိုင်ပါသည်။ ခင်ဘရွှေပေချပ် ၂၀ အနက် ချပ်ရေ ၁ မှ ၁၈ ထိ စာ ၃ ကြောင်းစီ၊ ချပ်ရေ ၁၉ တွင် စာ ၄ ကြောင်း၊ ချပ်ရေ ၂၀ တွင် စာ ၂ ကြောင်း ပါရှိပါသည်။ စာ ၃ ကြောင်းရှိ ရွှေပေချပ် တစ်ခု တွင် ဗျည်း၊ သရ၊ ဗျည်းသရတွဲ စာလုံး၊ အက္ခရာထပ် စာလုံး လုံးရေ ၇၀ ကျော် ရှိပါသည်။ ရေးထွင်းထားသော အကြောင်းအရာကလည်း အမျိုးစုံသည်ဖြစ်၍ စာလုံးမျိုးစုံ တွေ့နိုင်ပါသည်။ အက္ခရာတစ်လုံးကို ပုံသဏ္ဌာန်တစ်မျိုး တစ်စားတည်း တောက်လျှောက်ရေးထွင်းထားသည်လည်း ရှိသည်။ အက္ခရာတစ်လုံးကိုပင် ပုံသဏ္ဌာန် ၂ မျိုး၊ ၃ မျိုး၊ ၄ မျိုး စသည် ဆင်ကွဲများ ပါရှိနေသည်ကိုလည်း တွေ့ရပါသည်။ ထိုသို့ ပုံသဏ္ဌာန်ကွဲပြားနေမှုသည် အက္ခရာပုံ ရွေ့လျောပြောင်းလဲလာသည့် ကွင်းဆက်၊ ဗြာဟ္မီအက္ခရာ၊ ပျူအက္ခရာ၊ မြန်မာအက္ခရာ နီးနွယ်ဆက်သွယ်ပုံ ကွင်းဆက် နှင့် စာရေးထွင်းထားသည့် ခေတ်အချိန်အခါတို့ကို မှန်းဆဖော်ထုတ်ရာတွင် များစွာအထောက်အကူ ပြုပါသည်။

ပျူစာ ခင်ဘရွှေပေချပ် လေ့လာချက် စာအုပ်တွင် ခင်ဘရွှေပေချပ် ၂၀ မှ ပျူအက္ခရာ ဗျည်း၊ သရ၊ ဗျည်းသရတွဲ စာလုံးပုံများ၊ အက္ခရာထပ် စာလုံးပုံများကို နေရာအညွှန်းနှင့်တကွ ဖော်ပြထားပါသည်။ ပျူစာပေ လေ့လာဖော်ထုတ်ခဲ့သည့် ပညာရှင်များ ရှိတန်သမျှ ရှိခဲ့ပါပြီ။ နောင်ဆက်လက် လေ့လာဖော်ထုတ်ကြရဦးမည့် သုတေသီများသည် ခင်ဘရွှေပေချပ် ၂၀ မှ အက္ခရာပုံများကို လေ့လာလျှင် ဘာသာစာပေ သုတေသနလုပ်ငန်းအစပျိုးချိန်တွင် လိုအပ်သည့် အက္ခရာပုံ သိရှိရန်အတွက် များစွာအထောက်အကူရပါလိမ့်မည်။

အက္ခရာပုံတစ်ခုကို တစ်ပါတည်းဖော်ပြထားသည့်အညွှန်းနေရာများ အချင်းချင်း တိုက်ဆိုင်ညှိနှိုင်း ကြည့်သောအခါ ချပ်ရေ ၁ မှ ချပ်ရေ ၂၀ အတွင်း လိုအပ်သလို ရွေ့ပြောင်းကြည့်ရပါလိမ့်မည်။ ထိုသို့ ကြည့်ရာတွင် အချိန်မကုန် အာရုံမပြတ် အလွယ်တကူ ရွေ့ပြောင်းကြည့်ရှုနိုင်အောင် စာတိုစာအုပ် နှင့် ဓလေ့လေ့လာချက်စာအုပ် ဟူ၍ ၂ အုပ်ခွဲကာ စီစဉ်ချုပ်လုပ်ထားပါသည်။

မူလအရွယ်အစားရှိ ရွှေရောင်ဓာတ်ပုံနှင့် ဆိုင်ရာဆိုင်ရာ အကြီးချဲ့ဓာတ်ပုံကို ညှိနှိုင်း ဖတ်ရှုခြင်းအားဖြင့်လည်း ဖတ်ရှုနေသောအက္ခရာပုံနှင့်

ပတ်သက်၍ မိမိ၏အမြင်အတွေး၊ အယူအဆကို ပြတ်သားအောင်အထောက် အကူရပါလိမ့်မည်။

ဤ ခင်ဘရွှေပေချပ် ၂၀ တွင် အောက်ပါအကြောင်းအရာ ရှစ်ခုကို ပိဋကတ်ပါဠိတော်မှ ထုတ်နုတ်ရေးထွင်းထားခြင်း ဖြစ်ပါသည်။

၁။ ပဋိစ္စသမုပ္ပါဒ ဒေသနာတော် (၁၊ ၁ မှ ၅၊ ၃)*
၂။ ဝိပဿနာဉာဏ် ၇ ပါး (၅၊ ၃)
၃။ ဗောဓိပက္ခိယတရား ၃၇ ပါး (၆၊ ၁ မှ ၆၊ ၃)
၄။ ဝေသာရဇ္ဇသုတ် (၆၊ ၃ မှ ၁၄၊ ၃)
၅။ ဗုဒ္ဓဉာဏ်တော် ၁၄ ပါး (၁၄၊ ၃ မှ ၁၇၊ ၃)
၆။ အားလုံးတွင် အမြတ်ဆုံး ၄ မျိုး (၁၈၊ ၁ မှ ၁၈၊ ၂)
(၁) လမ်းခရီးအားလုံးတွင် အမြတ်ဆုံး
(၂) သစ္စာအားလုံးတွင် အမြတ်ဆုံး
(၃) သဘောတရားအားလုံးတွင် အမြတ်ဆုံး
(၄) အခြေနှစ်ချောင်းရှိ သတ္တဝါအားလုံးတွင် အမြတ်ဆုံး
၇။ မြတ်စွာဘုရား ရဟန္တာတစ်ထောင်တို့နှင့်အတူ ရာဇဂြိုဟ်ပြည်သို့ ဝင်တော်မူရာတွင် သိကြားမင်းသည် လုလင်အသွင် ဖန်ဆင်း၍ ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့၏ ရှေ့မှ ရှေ့မှ သွားလျက် သီဆိုသော ဂါထာများနှင့် လူတို့က ဤလုလင်သည် အဘယ်သူ၏သား ဖြစ်ပါသနည်းဟု ပြောဆိုကြရာတွင် သိကြားမင်းလုလင်က ပြန်လည်သီဆိုသော ဂါထာ (၁၈၊ ၂ မှ ၁၉၊ ၄)
၈။ ဗုဒ္ဓဂုဏ်တော် ၉ ပါး (၂၀၊ ၁ မှ ၂၀၊ ၂)

*ပုဒ်တစ်ချောင်းရှေ့မှ ဂဏန်းသည် ချပ်ရေ၊ ပုဒ်တစ်ချောင်းနောက်မှ ဂဏန်းသည် ကြောင်းရေကို ပြသည်။

ဤ ပျူစာ - ပါဠိတော် ကောက်နုတ်ချက်များကို ပျူစာ ခင်ဘရွှေပေချပ် လေ့လာချက် စာအုပ်နှင့်ယှဉ်၍ ဆိုင်ရာဆိုင်ရာ မြန်မာ အက္ခရာ-ပါဠိဘာသာ၊ မြန်မာအက္ခရာ-ပါဠိမြန်မာပြန်တို့နှင့် တိုက်ဆိုင် ဖတ်ရှုသောအခါ ဤ ခင်ဘရွှေပေချပ်တို့ကို ရေးထွင်းခဲ့သော ခရစ်နှစ် ၅ ရာစုခန့်က ပျူတို့၏ ဘာသာရေးအမြင် နှံ့စပ်ကြွယ်ဝနက်ရှိုင်းပုံ၊ စီစဉ် တင်ပြသည့် အစီအမံ အံ့မခန်းဖွယ်ရာတို့ကို ဂုဏ်ယူကာ နှစ်သိမ့်ကြည်နူး မိမည် ဖြစ်ပါသည်။ ဤရွှေပေချပ်များသည် လွန်ခဲ့သော အနှစ်တစ်ထောင် ငါးရာခန့်က လက်ရေးစာ သာသနာတော်ကြီးပေတည်းဟု ဓမ္မစေတီအဖြစ် ကြည်ညိုသဒ္ဓါပွားကာ ကိုးကွယ် အားထားရာ ဖြစ်ပါပေသည်။

ခင်ဘရွှေပေချပ်တို့ကို ဓာတ်ပုံ စာအုပ်နှင့် လေ့လာချက်စာအုပ်ဟု ၂ အုပ်ခွဲရိုက်နှိပ်ခွင့်ပြု၍ စာအုပ် ဖြစ်မြောက်ရေးအတွက် လိုအပ်သည်တို့ကို ဆောင်ရွက်ပေးသော မြန်မာစာအုပ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံလွင်အားလည်းကောင်း၊ လိုအပ်သည့် အကူအညီတို့ကို ဆိုင်ရာဆိုင်ရာ ပေးကြသော မြန်မာစာအဖွဲ့ဦးစီးဌာန ရုံးအဖွဲ့၊ စာကြည့်တိုက်အဖွဲ့၊ စာပြု အဖွဲ့တို့အားလည်းကောင်း၊ ခင်ဘရွှေပေချပ်များကို ဓာတ်ပုံရိုက်ခွင့်ပြု၍ ရှားပါးသော စာအုပ်စာတမ်းများကို ဖတ်ရှုခွင့်ပြုသော ရှေးဟောင်း သုတေသနဦးစီးဌာန တာဝန်ရှိပုဂ္ဂိုလ်တို့အားလည်းကောင်း၊ သက်ဆိုင်ရာ ပါဠိစာပေတို့နှင့် ပတ်သက်၍ မေးမြန်း အကြံဉာဏ် ရယူရသော အရှေ့တိုင်း ပညာဌာန ပါမောက္ခ (အငြိမ်းစား) ဦးတင်လွင်အားလည်းကောင်း၊ ပါဠိ စာပေတို့ကို ဖတ်ရှု ကူးယူခွင့်ပြုသော ရန်ကုန်တက္ကသိုလ် အရှေ့တိုင်း ပညာဌာန တွဲဖက်ပါမောက္ခ ဦးလေးမြင့်၊ ဆိုင်ရာ ပါဠိစာပေတို့ကို ရှာဖွေ ဖော်ထုတ်ပေး၍ တိုင်ပင်ဆွေးနွေးရသော ကထိက ဒေါ်ခင်သိန်းတို့အား လည်းကောင်း၊ ဤစာ ၂ အုပ်ကို ပုံနှိပ်ရာတွင် သင့်လျော်အောင် စီမံ ပြင်ဆင်ပေးသော ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူး

ဦးမောင်မောင်သိန်း၊ ဓာတ်ပုံရိုက်ပေးသော ဦးထွန်းရွှေ၊ စာအုပ်အပြင်အဆင်ကိစ္စတွင်အသေးစိတ်ဆွေးနွေးအကြံပေးသောလက်ထောက်စာတည်း ဒေါ်ခင်သန်းအားလည်းကောင်း၊ ပျူအက္ခရာပုံများနှင့် နေရာအညွှန်းအခန်းအတွက် မူလအက္ခရာပုံကို ထင်ရှားမြင်သာအောင် ပြုပြင်ပုံဖော်ဓာတ်ပုံများ ပြုစုပေးသော လက်ထောက်စာတည်း ဒေါ်ရီရီငွေနှင့် ဒေါ်ခင်သန်းတို့အား လည်းကောင်း၊ စာအုပ် ဖြစ်မြောက်ရေး အတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးသော တက္ကသိုလ်များပုံနှိပ်တိုက် မန်နေဂျာ ဦးစိုးမြင့် နှင့် အဖွဲ့အားလည်းကောင်း၊ ဓာတ်ပုံရိုက်ကူးရာ စာအုပ်ပုံနှိပ်ရာတွင် အစီအစဉ်ချောမွေ့အောင် အကြံပေးသော ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းမှူး (အငြိမ်းစား) ဦးတင်ဦးအား လည်းကောင်း ကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

မသန်းဆွေ

မြန်မာစာပါမောက္ခ (အငြိမ်းစား)



ငွေပေချပ် ၁

ငွေပေချပ် ၂

ငွေပေချပ် ၃

မူလအရွယ်အစားအတိုင်းငွေပေချပ်ဓာတ်ပုံများ



ငွေပေချပ် ၄

ငွေပေချပ် ၅

ငွေပေချပ် ၆

မူလအရွယ်အစားအတိုင်းငွေပေချပ်ဓာတ်ပုံများ



ရွှေပေချပ် ၇

ရွှေပေချပ် ၈

ရွှေပေချပ် ၉

မူလအရွယ်အစားအတိုင်းရွှေပေချပ်ဓာတ်ပုံများ



ငွေပေချပ် ၁၀

ငွေပေချပ် ၁၁

ငွေပေချပ် ၁၂

မူလအရွယ်အစားအတိုင်းငွေပေချပ်ဓာတ်ပုံများ



ငွေပေချပ် ၁၃

ငွေပေချပ် ၁၄

ငွေပေချပ် ၁၅

မူလအရွယ်အစားအတိုင်းငွေပေချပ်ဓာတ်ပုံများ



ရွှေပေချပ် ၁၆

ရွှေပေချပ် ၁၇

ရွှေပေချပ် ၁၈

မူလအရွယ်အစားအတိုင်းရွှေပေချပ်ဓာတ်ပုံများ



ရွှေပေချပ် ၁၉

ရွှေပေချပ် ၂၀

မူလအရွယ်အစားအတိုင်းရွှေပေချပ်ဓာတ်ပုံများ



ရွှေပေချပ် ၁၊ ၂၊ ၃ အကြီးချဲ့ဓာတ်ပုံ



ရွှေပေချပ် ၄၊ ၅၊ ၆ အကြီးချဲ့ခတ်ပုံ



ရွှေပေချပ် ၇၊ ၈၊ ၉ အကြီးချဲ့ဓာတ်ပုံ



၂၀၄၈၈ ရွှေပေချပ် ၁၀၊ ၁၁၊ ၁၂ အကြီးချဲ့ဓာတ်ပုံ



ရွှေပေချပ် ၁၃၊ ၁၄၊ ၁၅ တကြီးချဲ့ဓာတ်ပုံ



ရွှေပေချပ် ၁၆၊ ၁၇၊ ၁၈ အကြီးချဲ့ဓာတ်ပုံ



ရွှေပေချပ် ၁၉၊ ၂၀ အကြီးချဲ့ဓာတ်ပုံ



ရွှေပေထုပ်တွေ့ရှိသောနေရာ

ရွှေပေထုပ်ဌာပနာတိုက်





ဌာပနာတိုက်တွင်၊ တွေ့ရှိရသောရွှေပေထုပ် (အကြီးချဲ့ပုံ)



ဌာပနာတိုက်ကို ဖုံးအုပ်ထားသောကျောက်ပြား



ရွှေပေချပ်များကို ဖုံးအုပ်ထားသော ရွှေပြားနှစ်ချပ်

တက္ကသိုလ်နယ်မြေ၊ တက္ကသိုလ်များပုံနှိပ်တိုက်တွင်
မန်နေဂျာ ဦးစိုးမြင့် (၀၂၃၈၄-၉၂၅၃၂)က ပုံနှိပ်ထုတ်ဝေသည်။